**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၄/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၁၂၂ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဒါရိုက်တာအဖွဲ့က သတ်မှတ်ထားသော အောက်ပါ ဗဟိုဘဏ်ဝန်ထမ်းဆိုင်ရာစည်းမျဉ်းကို ထုတ်ပြန်လိုက်သည်။

**အမည်**

၁။ ဤစည်းမျဉ်းကို ဗဟိုဘဏ် ဝန်ထမ်းဆိုင်ရာစည်းမျဉ်းဟု ခေါ်တွင်စေရမည်။

**အဓိပ္ပာယ်ဖော်ပြချက်**

၂။ ဤစည်းမျဉ်းတွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဝန်ထမ်း** ဆိုသည်မှာဗဟိုဘဏ်၏ ဖွဲ့စည်းပုံအရ အမြဲတမ်းခန့်ထားသည့် အရာထမ်းများနှင့် အမှုထမ်းများကိုဆိုသည်။

(ခ) **အရာထမ်းများ** ဆိုသည်မှာဗဟိုဘဏ်၏ဦးစီးအရာရှိနှင့်အထက် ဝန်ထမ်းကိုဆိုသည်။

(ဂ) **အမှုထမ်းများ** ဆိုသည်မှာဗဟိုဘဏ်၏ ဦးစီးမှူးနှင့်အောက် ဝန်ထမ်းကိုဆိုသည်။

(ဃ) **ပုဂ္ဂလိကအကျိုးစီးပွားများ** ဆိုသည်မှာ ဝန်ထမ်းတစ်ဦးသည် ယင်းတို့ကိုယ်တိုင်နှင့် ယင်းတို့၏မိသားစုများ သို့မဟုတ် ယင်းတို့၏မိတ်ဆွေများနှင့် အသိအကျွမ်းများအတွက် ဖြစ်နိုင်ခြေရှိသော အကျိုးအမြတ်ကိုဆိုသည်။

**ဝန်ထမ်းများခန့်အပ်ခြင်း**

၃။ (က) ဗဟိုဘဏ်သည် ဘဏ်လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဒါရိုက်တာအဖွဲ့၏ သတ်မှတ်ချက်များနှင့်အညီ မိမိ၏အစီအစဉ်ဖြင့် အရာထမ်း၊ အမှုထမ်းများကို ခန့်အပ်နိုင်သည်။

(ခ) ဝန်ထမ်းများသည် ဒါရိုက်တာအဖွဲ့မှ ချမှတ်ထားသော ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းအရ သတ်မှတ်ကာလအတိုင်း တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် လစာ၊ စရိတ်များနှင့် အခြားအကျိုးခံစားခွင့်များကိုရရှိရမည်။

(ဂ) ဒါရိုက်တာအဖွဲ့၏အတည်ပြုချက်ဖြင့် ဗဟိုဘဏ်သည် အရည်အချင်းပြည့်မီပြီး ကျွမ်းကျင်သူများအား ပြင်ပမှ အသစ်ခန့်ထားခြင်းနှင့် သတ်မှတ်အသက်ပြည့်ပြီး သူများအား ဆက်လက်ခန့်ထားခြင်းများပြုနိုင်သည်။

(ဃ) ဝန်ထမ်းတစ်ဦးသည် ဗဟိုဘဏ်၏ လုပ်ငန်းနှင့်တာဝန်များကို ထမ်းဆောင်ခြင်း သို့မဟုတ် ဗဟိုဘဏ်က စာဖြင့်ခွင့်ပြုပေးသည့်လုပ်ငန်းမှအပ အခကြေးငွေရရှိသည် ဖြစ်စေ၊ မရရှိသည်ဖြစ်စေ အခြားသော မည်သည့်လုပ်ငန်းကိုမျှ မလုပ်ရ။

(င) အစိုးရဌာနနှင့်လုပ်ငန်းအဖွဲ့အစည်းများ သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်မှ အရာထမ်းများ သို့မဟုတ် အမှုထမ်းများသည် ဗဟိုဘဏ်သို့ ခေတ္တတာဝန်ထမ်းဆောင်ရန် စေလွှတ်ပေးခြင်း သို့မဟုတ် ပြောင်းရွှေ့ခြင်းခံရသည့်အခါ အဆိုပါ အရာထမ်းများ သို့မဟုတ် အမှုထမ်းများအား ခန့်အပ်ရာ၌ ပင်စင်ခံစားခွင့်နှင့် ယခင်လုပ်သက်များ အတွက် ခံစားခွင့်သည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတစ်ရပ်ရပ်ပါ သတ်မှတ်ထား သည့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(စ) ဗဟိုဘဏ်သည် လိုအပ်ပါက ဒါရိုက်တာအဖွဲ့မှ အတည်ပြုထားသော စည်းကမ်းချက် များနှင့်အညီ ပြင်ပမှ အကြံပေးပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူပုဂ္ဂိုလ်များကို ခန့်အပ် နိုင်သည်။

(ဆ) ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ဖြင့် ဗဟိုဘဏ်သည် မိမိ၏လုပ်ငန်းအချို့ကို ဆောင်ရွက်ရန်အတွက် ပြင်ပတတိယအဖွဲ့အစည်း၏ ဝန်ဆောင်မှုလုပ်ငန်းများကို အသုံးပြုနိုင်သကဲ့သို့ ကိုယ်စားလှယ်များကိုလည်း ခန့်အပ်ဆောင်ရွက်စေနိုင်သည်။

**လုပ်ငန်းတာဝန်အပ်နှင်းခြင်း**

၄။ (က) ဝန်ထမ်းများသည် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရမည်။ မိမိအကျိုး စီးပွားထက် ဗဟိုဘဏ်၏ အကျိုးစီးပွားကို ဦးစားပေးရမည်။

(ခ) ဝန်ထမ်းများသည် ယင်းတို့ကိုပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များအား ဥပဒေနှင့် ခိုင်မာသောစီမံခန့်ခွဲရေးနည်းလမ်းများနှင့်အညီ တူညီစွာတစ်ပြေးညီ အသုံးပြုရမည်။

(ဂ) ဝန်ထမ်း၏ ပုဂ္ဂလိကအကျိုးစီးပွားကြောင့် ပေါ်ပေါက်သော အကျိုးစီးပွားပဋိပက္ခ ဖြစ်မှုတစ်ရပ်သည် ယင်းတို့၏ လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်ချက်များအပေါ် လွှမ်းမိုးသက်ရောက်မှုရှိမည်ဆိုပါက အဆိုပါ အကျိုးစီးပွားပဋိပက္ခကို ဝန်ထမ်းများ

အနေဖြင့် ရှောင်ကြဉ်ရမည်။ ဝန်ထမ်း၏ ပုဂ္ဂလိကအကျိုးစီးပွားကြောင့် ဖြစ်ပေါ်လာသောကိစ္စဖြစ်ပါ၍ ဝန်ထမ်းတွင်သာ တာဝန်ရှိသည်။

**လက်ဆောင်ပစ္စည်း**

၅။ မည်သည့်ဝန်ထမ်းမျှ ငွေရေးကြေးရေးအရ သို့မဟုတ် ငွေရေးကြေးရေးအရမဟုတ်သည့်ကိစ္စများကို ဗဟိုဘဏ်အတွင်းနှင့် ဗဟိုဘဏ်ကိုယ်စား ယင်းတို့၏ အလုပ်တာဝန်နှင့်ပတ်သက်၍ တစ်နည်းနည်းဖြင့် ဆက်သွယ်ဆောင်ရွက်ရသည့်အခါ အကျိုးခံစားခွင့်၊ ဆုငွေ၊ အခကြေးငွေ သို့မဟုတ် ခလေ့ထုံးတမ်းထက်လွန်ကဲသော လက်ဆောင်ပစ္စည်းများရယူခြင်း သို့မဟုတ် လက်ခံခြင်းမပြုရ။

**လျှို့ဝှက်ချက်ထားရှိခြင်း**

၆။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအရ သို့မဟုတ် အခြားဥပဒေအရပြဋ္ဌာန်းထားသော လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် လိုအပ်၍ ခွင့်ပြုထားခြင်းမှအပ ဗဟိုဘဏ်တွင် ဝန်ထမ်းအဖြစ် ဆောင်ရွက်မည့် သို့မဟုတ် ဆောင်ရွက်လျက်ရှိသောပုဂ္ဂိုလ်သည် အများပြည်သူနှင့်မသက်ဆိုင်သည့် သတင်းအချက်အလက်များကို တာဝန်ထမ်းဆောင်နေစဉ်အတွင်း ရရှိလာသည့်အခါ ထုတ်ဖော်ခြင်း သို့မဟုတ် အများသိအောင်ပြုလုပ်ခြင်း၊ မိမိကိုယ်ကျိုးအတွက် ထိုသတင်းများကို အသုံးပြုခြင်း သို့မဟုတ် ထိုသတင်းများကို အသုံးပြုခွင့်ပေးခြင်းတို့ကို မပြုလုပ်ရ။

(ခ) အထက်အပိုဒ်(က)တွင် မည်သို့ပင်ဖော်ပြထားစေကာမူ ဝန်ထမ်းတစ်ဦးသည် ထုတ်ဖော်ပြောဆိုခြင်းနှင့်စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့က ချမှတ်ထားသောလုပ်ထုံးလုပ်နည်းများနှင့်အညီ အများပြည်သူနှင့်မသက်ဆိုင်သည့် သတင်းအချက်အလက်များအား ဗဟိုဘဏ်၏ ပြင်ပသို့ထုတ်ဖော်ပြောဆိုခွင့်ရှိသည်။ အဆိုပါထုတ်ဖော်ပြောဆိုချက်သည်-

(၁) ထုတ်ဖော်ပြောဆိုသည့် သတင်းအချက်အလက်နှင့်သက်ဆိုင်သည့်ပုဂ္ဂိုလ်က ထုတ်ဖော်ပြောဆိုခြင်းကို သဘောတူကြောင်း ခွင့်ပြုချက်နှင့်အညီဖြစ်ခြင်း၊

(၂) တရားဥပဒေစိုးမိုးရေး သို့မဟုတ် တရားရုံး၏အမိန့်ကို အထောက်အကူဖြစ်စေရန် အပါအဝင် ဥပဒေပြဋ္ဌာန်းချက်အရ ထုတ်ဖော်ကြေညာရန် တာဝန်နှင့်အညီဖြစ်ခြင်း၊

(၃) ဗဟိုဘဏ်၏ပြင်ပစာရင်းစစ်များသို့ တင်ပြရန်ဖြစ်ခြင်း၊

(၄) ပြည်တွင်း သို့မဟုတ် ပြည်ပ ကြပ်မတ်ကွပ်ကဲရေးနှင့် ကြီးကြပ်စစ်ဆေးရေးအာဏာပိုင် သို့မဟုတ် ငွေကြေးအာဏာပိုင်အဖွဲ့များ သို့မဟုတ် ပြည်သူ့ကဏ္ဍဆိုင်ရာ နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများထံသို့ ယင်းတို့၏ လုပ်ငန်းတာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးပေးခြင်းနှင့်

(၅) တရားစွဲဆိုခြင်းကိစ္စတွင် ဗဟိုဘဏ်၏အကျိုးစီးပွားများကို ကာကွယ်ပြောဆိုရန်အတွက်ဖြစ်ခြင်း။

(ဂ) ဗဟိုဘဏ်ကကိုင်ဆောင်ထားသော သို့မဟုတ် ထုတ်ဝေထားသောစာရွက်စာတမ်းများနှင့်ပတ်သက်၍ လျှို့ဝှက်ချက်ထားရှိရမည့် စာရွက်စာတမ်းအဆင့်အတန်းနှင့် သိရှိခွင့်ရှိသည့် စာရွက်စာတမ်းအဆင့်အတန်းတို့ကို ဒါရိုက်တာအဖွဲ့က လမ်းညွှန်ချက်နှင့်အညီ ဗဟိုဘဏ်က လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်၍ သတ်မှတ်ရမည်။

(ဃ) ပုဂ္ဂလိကငွေရေးကြေးရေးအဖွဲ့အစည်းများ လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်ရည်ရွယ်ပြီး လျှို့ဝှက်သတင်းအချက်အလက်များကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အသုံးပြုခြင်းကို မည်သည့်ဝန်ထမ်းမျှမပြုလုပ်ရ။

**လစာ၊ စရိတ်များနှင့် ဆုကြေးငွေများ**

၇။ (က) ဝန်ထမ်းများသည် ဒါရိုက်တာအဖွဲ့က အတည်ပြုသတ်မှတ်ပေးထားသော လစာ၊ စရိတ်များနှင့် ဆုကြေးငွေအပါအဝင် အခြားအကျိုးခံစားခွင့်များရရှိမည်။ ထိုသို့သော အကျိုးခံစားခွင့်များကို ဗဟိုဘဏ်၏ ဘဏ္ဍာငွေအခြေအနေအရ ဒါရိုက်တာအဖွဲ့က အချိန်အခါအလျောက် အတည်ပြုသတ်မှတ်ပေးသည့်အတိုင်း ခံစားခွင့်ရှိသည်။

(ခ) လစာနှင့်စရိတ်များကို ဗဟိုဘဏ်၏အမြတ်ငွေ သို့မဟုတ် ယင်း၏ဝင်ငွေများအပေါ် အခြေခံခြင်းမပြုရ။

(ဂ) ဗဟိုဘဏ်၏ လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်စေရန် ဗဟိုဘဏ်သည် စီးပွားရေးပညာရပ်၊ ဘဏ်လုပ်ငန်း၊ စာရင်းကိုင်ပညာ၊ ဥပဒေပညာ စသည့်နယ်ပယ်များနှင့် အခြားနယ်ပယ်များမှ အထူးကျွမ်းကျင်သူများက ပို့ချသည့်သင်တန်းများကို တက်ရောက်ရန် အားပေးကူညီရမည်။

(ဃ) ဝန်ထမ်းများမှ လုပ်ငန်းလိုအပ်ချက်အရ တက်ရောက်ရမည့်သင်တန်းများနှင့် လေ့လာသင်ယူမှုများအတွက် ကုန်ကျစရိတ်ကို ဗဟိုဘဏ်က ကျခံနိုင်သည်။

(င) သင်တန်းများတက်ရောက်ရန်နှင့် လေ့လာသင်ယူမှုများပြုလုပ်ရန်အတွက် ဝန်ထမ်းများအား အကဲဖြတ်ရွေးချယ်ရမည်ဖြစ်ပြီး ရွေးချယ်ရေးလုပ်ငန်းစဉ်နှင့် စံသတ်မှတ်ချက်များကို ဒါရိုက်တာအဖွဲ့က အတည်ပြုထားရမည်။

(စ) ဗဟိုဘဏ်သည် ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ဖြင့် ချေးငွေနှင့် ကြိုတင်ပေးငွေများကို ယင်းတို့၏ဝန်ထမ်းများသို့ အာမခံဖြင့်ဖြစ်စေ၊ အာမခံမဲ့ဖြင့်ဖြစ်စေ ထုတ်ချေးနိုင်သည်။

(ဆ) သက်သာချောင်ချိရေးနှင့် အငြိမ်းစားရန်ပုံငွေ သို့မဟုတ် အလားတူရန်ပုံငွေများကို ဗဟိုဘဏ်၏ဝန်ထမ်းများ၊ ယင်းတို့၏ မိသားစုဝင်များနှင့် အကျိုးခံစားခွင့်ရှိသူများ

အတွက် ဗဟိုဘဏ်သည် ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ဖြင့် ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့်အညီ ထူထောင်နိုင်သည်။

**တရားစွဲဆိုရာတွင်ကုန်ကျစရိတ်များအတွက် ပေးလျော်ခြင်း**

၈။ (က) ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး သို့မဟုတ် ဝန်ထမ်းတစ်ဦးသည် အောက်ပါတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်သည့်အခါ ထွက်ဆိုချက်ပြုလုပ်ခြင်း အပါအဝင် မိမိ၏ ဆောင်ရွက်ချက်များကြောင့်လည်းကောင်း၊ သဘောရိုးဖြင့် ဆောင်ရွက်ရာတွင် ပျက်ကွက်မှုတစ်စုံတစ်ရာကြောင့်လည်းကောင်း ပေါ်ပေါက်လာသောတာဝန်ရှိမှုအတွက် ကုန်ကျစရိတ်ကို ဗဟိုဘဏ်က ပေးလျော်ရမည်-

(၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆောင်ရွက်ခြင်း၊

(၂) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း၊

(၃) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်း။

(ခ) အထက်အပိုဒ်ခွဲ (က)အရ အကာအကွယ်ပေးမှုတွင် တရားစွဲဆိုမှုတစ်ခုအား ခုခံကာကွယ်ပြောဆိုမှုအတွက် ဖြစ်ပေါ်လာသည့် တရားရုံးဆိုင်ရာ ကုန်ကျစရိတ်များလည်းပါဝင်သည်။

(ဂ) ဒါရိုက်တာအဖွဲ့သည် ခွင့်ပြုရမည့် ပေးလျော်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အခြေအနေအပြည့်အစုံကိုထည့်သွင်း၍ " တရားစွဲဆိုရာတွင်ကုန်ကျစရိတ်များအတွက် ပေးလျော်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း "တစ်ရပ်ကို ရေးဆွဲချမှတ်ရမည်။

**နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကိုမူအားဖြင့်လိုက်နာခြင်း**

၉။ ဒါရိုက်တာအဖွဲ့သည် အောက်ပါဝန်ထမ်းရေးရာကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်-

(က) အရာထမ်း၊ အမှုထမ်းများရွေးချယ်ခန့်အပ်ခြင်း၊

(ခ) နိုင်ငံတော်က သတ်မှတ်ထားသော ဝန်ထမ်းများ၏ လစာနှုန်းထားများအပြင် ဒါရိုက်တာအဖွဲ့သည် အခါအားလျော်စွာ အရာထမ်း၊ အမှုထမ်းများအား ရာထူးအလိုက် ထောက်ပံ့ချီးမြှင့်ငွေများ သတ်မှတ်ခြင်း၊

(ဂ) ကျွေးမွေးစရိတ်များသတ်မှတ်ခြင်း၊

(ဃ) အချိန်ပိုဆင်းခွင့်နှင့် ခံစားခွင့်သတ်မှတ်ခြင်း၊

(င) ဝန်ထမ်းများ၏ အခြားခံစားခွင့်များသတ်မှတ်ခြင်း၊

(စ) ခရီးသွားနေ့တွက်စရိတ်နှင့် ခရီးစရိတ်သတ်မှတ်ခြင်း၊

(ဆ) ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် ဗဟိုဘဏ်စရိတ်ဖြင့်လည်းကောင်း၊ ပြည်ပအကူအညီထောက်ပံ့ငွေဖြင့်လည်းကောင်း ပြည်ပသို့သွားရောက်သည့်ကိစ္စများတွင် ပြည်ပသို့သွားရောက်ခွင့်နှင့် ကုန်ကျစရိတ်ဆိုင်ရာများကို ဒါရိုက်တာအဖွဲ့ကိုယ်စား သက်ဆိုင်ရာအဖွဲ့အစည်း အကြီးအကဲက ခွင့်ပြုခြင်း၊

(ဇ) ပြည်တွင်းခရီးများအတွက် ဒုတိယဥက္ကဋ္ဌများက ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဒုတိယဥက္ကဋ္ဌများ၏ ကြိုတင်ခွင့်ပြုချက်၊ ညွှန်ကြားရေးမှူးနှင့် အောက်အဆင့်ဝန်ထမ်းများက ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူစေခြင်း၊

(ဈ) လေ့ကျင့်ပညာပေးခြင်း၊ ပြည်တွင်းပြည်ပသင်တန်းများသို့ စေလွှတ်ခြင်းဆိုင်ရာမူများ သတ်မှတ်ပေးခြင်း၊

(ည) ပြင်ပဝန်ထမ်းစည်းကမ်း သတ်မှတ်ပေးခြင်း၊

(ဋ) ဆုကြေးနှင့် ဆုငွေသတ်မှတ်ခြင်း၊

(ဌ) ဝန်ထမ်းသက်သာချောင်ချိရေးရန်ပုံငွေသတ်မှတ်ခြင်း၊

(ဍ) ပင်စင်ရန်ပုံငွေသတ်မှတ်ခြင်းနှင့် ကရုဏာကြေးခွင့်ပြုရန် စည်းကမ်းသတ်မှတ်ခြင်း၊

(ဎ) ဒါရိုက်တာအဖွဲ့က သီးခြားဆောင်ရွက်ပေးရန် လိုအပ်သည့်ကိစ္စရပ်များ။

၁၀။ စည်းမျဉ်းအပိုဒ် ၉ တွင် ဖော်ပြထားခြင်းမရှိသည့် ကျန်ဝန်ထမ်းရေးရာကိစ္စရပ်များဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

**အထွေထွေ**

၁၁။ (က) ဤစည်းမျဉ်းသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(ခ) ယခင်တည်ရှိခဲ့သော ဗဟိုဘဏ်ဝန်ထမ်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ဤစည်းမျဉ်းဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ဂ) ဗဟိုဘဏ်သည် ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့် အခြားဝန်ထမ်းရေးရာ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ပုံ) ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်